## စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၁၇/ ၂၀၂၃)　　　　　　　　　　၂၀၂၃ ခုနှစ်၊ ဩဂုတ်လ(၃၁) ရက်

| ၃၁ - ၈ - ၂၀၂၃ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၂၈၂.၆ |
| စင်္ကာပူဒေါ်လာ | ၁,၅၅၃.၃ |
| စတာလင်ပေါင် | ၂,၆၆၄.၁ |
| ဂျပန်ယန်း (၁၀၀) | ၁,၄၃၉.၄ |
| တရုတ်ယွမ် | ၂၈၈.၀၅ |
| ဟောင်ကောင်ဒေါ်လာ | ၂၆၇.၇၀ |
| အိန္ဒိယရူပီး | ၂၅.၃၈၅ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၈.၆၂ |
| မလေးရှား ရင်းဂစ် | ၄၅၂.၅၉ |
| ဖိလစ်ပိုင်ပီဆို | ၃၇.၀၈၉ |
| ထိုင်းဘတ် | ၆၀.၀၄၃ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၇၁၄၆ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ တောင်အာဖရိကနိုင်ငံသည် တရုတ်နိုင်ငံသို့ ထောပတ်သီးများတင်ပို့ရန် သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့

➢ တရုတ်ပြည်မကြီးသည် ထိုင်ဝမ်မှ သရက်သီးတင်သွင်းမှုကို ရပ်ဆိုင်းလိုက်

➢ တရုတ်နိုင်ငံ၏ အစေ့ပိုင်းစပါးအထွက်နှုန်း မြင့်တက်လာ

➢ တရုတ်နိုင်ငံသည် ဂျပန်နိုင်ငံမှ ရေထွက်ကုန်ပစ္စည်း တင်သွင်းမှုအားလုံးကို ရပ်ဆိုင်းလိုက်ပြီဖြစ်

- **အထွေထွေသတင်းများ**

➢ တရုတ်နိုင်ငံတွင် ပြည်ပမှ တင်သွင်းလာသည့် ကုန်ပစ္စည်းများကို သုံးစွဲမှု ပိုမိုမြင့်တက်လာ

➢ BRICS နိုင်ငံများသည် အဖွဲ့ဝင်သစ်များတိုးချဲ့ရန် သဘောတူညီခဲ့ကြ

## တောင်အာဖရိကနိုင်ငံသည် တရုတ်နိုင်ငံသို့ ထောပတ်သီးများ တင်ပို့ရန် သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့

တောင်အာဖရိကနိုင်ငံသည် တရုတ်နိုင်ငံသို့ ထောပတ်သီးများ တင်ပို့ရန် သဘောတူစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်သောကြောင့် ယခုသီတင်းပတ်တွင် တောင်အာဖရိက၏ ပို့ကုန်တင်ပို့မှု အားကောင်းလာခဲ့ကြောင်း သိရှိရပါသည်။

တရုတ်သမ္မတ Xi Jinping ၏ တောင်အာဖရိကနိုင်ငံသို့ သွားရောက်သည့် ခရီးစဉ်အတွင်း တောင်အာဖရိကနိုင်ငံ၏ စိုက်ပျိုးရေး၊ မြေယာပြုပြင်ပြောင်းလဲရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး Thoko Didiza သည် တရုတ်နိုင်ငံခြားရေးဝန်ကြီး Wang Yi နှင့် သဘောတူစာချုပ်ကို ၂၂-၈-၂၀၂၃ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရှိရပါသည်။ နိုင်ငံအတွင်း အလုပ်အကိုင်များ ပိုမိုဖန်တီးပေးပြီး စီးပွားရေးတိုးတက်စေမည့် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခြင်းဖြစ် သည်ဟု Didiza က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်ဈေးကွက်သို့ ဝင်ရောက်ခွင့်ရခြင်းသည် တောင်အာဖရိက ထောပတ်သီးများအတွက် ပို့ကုန်ဦးဆောင်သော တိုးတက်မှုကို ရရှိစေရန် အရေးကြီးသော ခြေလှမ်းတစ်ရပ်ဖြစ်ပြီး ၎င်းသည် အစိုးရ၏ စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးထွက်ကုန်များ ပြုပြင်ထုတ်လုပ်မှုမဟာစီမံကိန်းအောက်မှ ကတိကဝတ်တစ်ခုဖြစ်သည်ဟု Didiza က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

မကြာသေးမီနှစ်များအတွင်း တောင်အာဖရိက၏ ထောပတ်သီးလုပ်ငန်းသည် စိုက်ပျိုးဧရိယာ (၄,၇၅၀) ဟက်တာအထိ ထပ်မံတိုးချဲ့နိုင်ခဲ့ပြီး လက်ရှိတွင် ထောပတ်သီးစိုက်ဧရိယာ စုစုပေါင်း ဟက်တာ (၁၈,၀၀၀)ရှိကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသို့ ထောပတ်သီး တင်ပို့မှုသည် တောင်အာဖရိကတွင် သစ်သီးများ အထူးသဖြင့် ထောပတ်သီးစိုက်ပျိုးမှုများ ပိုမိုများပြားလာပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာစေမည်ဟု Didiza မှ ပြောကြားခဲ့ပါသည်။ တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ထောပတ်သီး အဓိကစားသုံးသည့်နိုင်ငံများထဲမှ တစ်ခုဖြစ်လာဖွယ်ရှိပြီး တောင်အာဖရိကအတွက် ကြီးမားသော အခွင့်အလမ်းတစ်ခုဖြစ်ကြောင်း သိရှိရပါသည်။

အထူးသဖြင့် ထောပတ်သီးအထွက်နှုန်းများသော ကျေးလက်ဒေသများတွင် အလုပ်အကိုင်ရရှိမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြင့်တက်လာစေမည်ဖြစ်ပြီး အကျိုးကျေးဇူးများစွာ ရရှိစေမည်ဟု Didiza က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Agribusiness & Trade

ထောပတ်သီးလုပ်ငန်းသည် လယ်ယာစိုက်ပျိုးရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် လုပ်ကိုင်သူများအပါအဝင် လူပေါင်း (၁၅,၀၀၀)ကျော်ကို အလုပ်အကိုင်ခန့်ထားပေးသည့် လုပ်ငန်းစုတစ်ခုဖြစ်ကြောင်း သိရှိရပါသည်။

တောင်အာဖရိကမှ ထောပတ်သီးများအတွက် တရုတ်ဈေးကွက်ဖွင့်လှစ်ခြင်းကို ကြိုဆိုပါကြောင်း၊ BRICS နိုင်ငံများသည် အရေးကြီးသည့် စိုက်ပျိုးရေးဈေးကွက်တစ်ခုဖြစ်ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာဘီလီယံ (၃၀၀)ကျော်ရှိသည့် ဈေးကွက်တစ်ခုဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံသည် အဆိုပါပမာဏ၏ သုံးပုံနှစ်ပုံရှိသော အရေးကြီးသည့် ဈေးကွက်တစ်ခုဖြစ်ကြောင်း တောင်အာဖရိက လယ်ယာစီးပွားရေးကုန်သည်ကြီးများအသင်းမှ စီးပွားရေးပညာရှင် Wandile Sihlobo က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တောင်အာဖရိက၏ ပို့ကုန်များကို အမျိုးအစားအစုံဖြစ်စေလိုပြီး တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုကို နက်ရှိုင်းစေလိုကြောင်းနှင့် လယ်ယာထွက်ကုန် အများအပြားအတွက် တရုတ်ဈေးကွက်ကို ပိုမိုဖွင့်လှစ်ပေးစေလိုကြောင်း ၎င်းကပြောကြားခဲ့ပါသည်။

တရုတ်-တောင်အာဖရိက ကုန်သွယ်မှုသည် ၁၉၉၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၁.၄) ဘီလီယံမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၅၆.၇)ဘီလီယံအထိ အမြောက်အမြား ခုန်တက်သွားခဲ့ကြောင်း သတင်းမီဒီယာများ၏ ဖော်ပြချက်အရ သိရှိရပါသည်။

Source: www.chinadaily.com.cn/a/202308/25/WS64e7d949a31035260b81e18d.html

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့

…………………………………………………………………………..

## တရုတ်ပြည်မကြီးသည် ထိုင်ဝမ်မှ သရက်သီးတင်သွင်းမှုကို ရပ်ဆိုင်းလိုက်

ထိုင်ဝမ်မှ တရုတ်ပြည်မကြီးသို့ တင်သွင်းသည့် သရက်သီးများကို ဩဂုတ်လ (၂၁) ရက်နေ့မှစတင်၍ ရပ်ဆိုင်းထားရန် တရုတ်နိုင်ငံအကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင် အဖွဲ့ (The General Administration of Customs-GACC) ၏ ဆုံးဖြတ်ချက်သည် တရားဝင်၊ သိပ္ပံနည်းကျနှင့် စံချိန်စံညွှန်းမီ ဇီဝလုံခြုံရေးကြိုတင်ကာကွယ်မှုဖြစ်ကြောင်း နိုင်ငံတော်ကောင်စီရုံးမှ ထိုင်ဝမ်ရေးရာပြောရေးဆိုခွင့်ရှိသူ Ms. Zhu Fenglian က ၂၁-၈-၂၀၂၃ ရက်နေ့တွင် ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ အကောက်ခွန်ဌာနသည် ယခုနှစ်အတွင်း ထိုင်ဝမ်မှ တင်သွင်းသည့် သရက်သီးများတွင် အန္တရာယ်ရှိသော အင်းဆက်ပိုးမွှားတစ်မျိုးဖြစ်သည့် passionvine mealybugs ကို

ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ အဆိုပါပိုးမွှားများသည် တရုတ်ပြည်မကြီး၏ စိုက်ပျိုးထုတ်လုပ်မှုနှင့် ဂေဟစနစ်လုံခြုံရေးအတွက် ကြီးမားသော ခြိမ်းခြောက်မှုတစ်ခုဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

ယခုတွေ့ရှိမှုကြောင့် GACC သည် ထိုင်ဝမ်မှ သရက်သီးတင်သွင်းမှုကို ၂၁-၈-၂၀၂၃ ရက်နေ့မှစတင်ကာ အကန့်အသတ်မရှိ ရပ်ဆိုင်းခဲ့ကြောင်း သိရှိရပါသည်။

GACC သည် ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလတွင် ချုပ်ဆိုခဲ့သော တရုတ်-ထိုင်ဝမ် စိုက်ပျိုးရေးထွက်ကုန်များပိုးမွှားကင်းရှင်းရေးနှင့် စစ်ဆေးရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်အရ ဆောင်ရွက်လျက်ရှိသည့် လမ်းကြောင်းများကို ဆိုင်းငံ့ထားရန် ထိုင်ဝမ်ကို အသိပေးအကြောင်းကြားခဲ့ပြီး အပင်ပိုးမွှားကင်းရှင်းရေးစီမံခန့်ခွဲမှုစနစ်ကို ပိုမိုတိုးတက်ကောင်းမွန်လာစေရန် တောင်းဆိုခဲ့သည်ဟု Zhu က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ အစီအမံများသည် လုပ်ရိုးလုပ်စဉ်၊ သိပ္ပံနည်းကျနှင့် ကျိုးကြောင်းဆီလျော်သော ဇီဝလုံခြုံရေးဆိုင်ရာကြိုတင်ကာကွယ်မှုများဖြစ်ပြီး တရုတ်ပြည်မကြီး၏ ဥပဒေများ၊ စည်းမျဉ်းများနှင့် စံနှုန်းများနှင့်ညီညွတ်ကြောင်း သူမက ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

တရုတ်နိုင်ငံသည် တင်သွင်းလာသည့် ကုန်ပစ္စည်းများအပေါ် အစားအစာဘေးကင်းလုံခြုံရေးနှင့် ပိုးမွှားကင်းစင်ရေးကို အလေးထား ဆောင်ရွက်လျက်ရှိပြီး ပိုးမွှားများစစ်ဆေးတွေ့ရှိပါက တင်သွင်းမှုကို ချက်ချင်းဆိုင်းငံ့လေ့ရှိသဖြင့် မြန်မာနိုင်ငံမှ တင်ပို့လျက်ရှိသော စားသောက်ကုန်များ၊ ရေထွက်ကုန်များနှင့် သစ်သီးဝလံများ ပိုးမွှားကင်းစင်ရေးကို အထူးဂရုပြုဆောင်ရွက်သင့်ပါကြောင်း သုံးသပ်ရပါသည်။

Source: www.chinadaily.com.cn/a/202308/21/WS64e31d49a31035260b81d5b4.html
ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်းနင်းမြို့

……………………………………………………………………………………

## တရုတ်နိုင်ငံ၏ အစေးပိုင်းစပါးအထွက်နှုန်း မြင့်တက်လာ

တရုတ်နိုင်ငံ၏ အစေးပိုင်းစပါးထွက်ရှိမှုသည် ၂၀၂၃ ခုနှစ်တွင် တန်ချိန် (၂၈.၃၄)သန်း အထိ တစ်နှစ်ထက်တစ်နှစ် (၁.၈)ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း အမျိုးသားစာရင်းအင်းဗျူရိုက ၂၃-၈-၂၀၂၃ ရက်နေ့တွင် ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အစေ့ပိုင်းစပါးစိုက်ဧရိယာသည် ဟက်တာ (၄.၇၃)သန်းရှိပြီး ယခင်နှစ်ကထက် (၀.၅) ရာခိုင်နှုန်း ကျဆင်းခဲ့သော်လည်း အထွက်နှုန်းသည် တစ်ဟက်တာလျှင် (၅,၉၈၇) ကီလိုဂရမ်အထိ တိုးလာပြီး တစ်ဟက်တာအထွက်နှုန်းသည်လည်း (၁.၂) ရာခိုင်နှုန်း တိုးလာသည်ဟု အဆိုပါဗျူရို က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ယခုနှစ်၏ အစေ့ပိုင်းစပါး အထွက်တိုးရန်အတွက် မိုးလေဝသအခြေအနေများက အထောက်အကူဖြစ်စေသည်ဟု အဆိုပါဗျူရိုမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ Wang Guirong က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ရှုပ်ထွေးသော နိုင်ငံတကာပတ်ဝန်းကျင်နှင့် ကမ္ဘာတစ်ဝန်းတွင် မကြာခဏဆိုသကဲ့သို့ ဖြစ်ပေါ်နေသော ပြင်းထန်သည့် ရာသီဥတုအခြေအနေများအကြားတွင် တရုတ်နိုင်ငံ၏ နွေသီးနှံနှင့် အစေ့ပိုင်းစပါးရိတ်သိမ်းမှုသည် တစ်နှစ်ပတ်လုံး တည်ငြိမ်သောသီးနှံထွက်ရှိမှုအတွက် ခိုင်မာသော အခြေခံအုတ်မြစ်ဖြစ်ကြောင်း Wang က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

Source: www.english.news.cn/20230816/f02a7679d5aa4a56979b720370ac9d25/ c.html

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

## တရုတ်နိုင်ငံသည် ဂျပန်နိုင်ငံမှ ရေထွက်ကုန်ပစ္စည်း တင်သွင်းမှုအားလုံးကို ရပ်ဆိုင်းလိုက်ပြီဖြစ်

တရုတ်နိုင်ငံသည် ဂျပန်နိုင်ငံမှ ထွက်ရှိသော ရေထွက်ပစ္စည်းအားလုံးကို တင်သွင်းမှု ဆိုင်းငံ့ထားပြီး ၎င်း၏ အမျိုးသားအကျိုးစီးပွားနှင့် ပြည်သူ့ကျန်းမာရေးကို ကာကွယ်ရန်အတွက် ဂျပန်နိုင်ငံ၏ ရေဒီယိုသတ္တိကြွရေများကို သမုဒ္ဒရာထဲသို့ စွန့်ပစ်ခြင်း၏ အကျိုးသက်ရောက်မှုများကို အနီးကပ်စောင့်ကြည့်ခြေရာခံပြီး အကဲဖြတ်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ဂျပန်နိုင်ငံသည် Fukushima Daiichi Nuclear ဓာတ်အားပေးစက်ရုံမှ ညစ်ညမ်းသော ရေများကို ပစိဖိတ်သမုဒ္ဒရာထဲသို့ စတင်ထုတ်လွှတ်လိုက်သည့်နောက် ၂၄-၈-၂၀၂၃ ရက်နေ့တွင် အဆိုပါဆိုင်းငံ့မှုမှာ အသက်ဝင်ခဲ့ကြောင်း တရုတ်နိုင်ငံအကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့(General Administration of Customs –GACC)က ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

ထိုသို့စွန့်ထုတ်မှုကြောင့် တရုတ်နိုင်ငံသို့ တင်ပို့နေသည့် ဂျပန်ရေထွက်ပစ္စည်းများတွင် ရေဒီယိုသတ္တိကြွမှုအန္တရာယ်နှင့်ပတ်သက်၍ အလွန်စိုးရိမ်ပူပန်မိကြောင်း GACC မှ ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရှိရပါသည်။

Agribusiness & Trade

တရုတ်နိုင်ငံ၏ ဥပဒေနှင့် စည်းမျဉ်းများအပြင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Agreement on the Application of Sanitary and Phytosanitary Measures တို့အရ တရုတ်အကောက်ခွန် အာဏာပိုင်များသည် ဂျပန်နိုင်ငံမှ တင်ပို့သည့် ရေထွက်ကုန်ပစ္စည်းများနှင့်ပတ်သက်၍ ထိန်းချုပ်မှု အစီအမံများကို တိုးမြှင့်သွားရန် ဆုံးဖြတ်ခဲ့ကြောင်း သိရှိရပါသည်။

တစ်ချိန်တည်းမှာပင် ဟောင်ကောင်နှင့် မကာအို အထူးအုပ်ချုပ်ခွင့်ရဒေသများသည် တိုကျို၊ ဖူကူရှီးမားနှင့် ချီဘာအပါအဝင် ဂျပန်စီရင်စု (၁၀)ခုမှ ရေထွက်ကုန်များအပေါ် သီးခြား တားမြစ်ပိတ်ပင်မှုများကို ၂၄-၈-၂၀၂၃ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

ယင်းနေ့၌ပင် ဂျပန်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Wu Jianghao က ဂျပန်နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Masataka Okano အား အဆိုပါကိစ္စနှင့်ပတ်သက်၍ ပြင်းထန်စွာ ကန့်ကွက်ခဲ့ကြောင်း သိရှိရပါသည်။

ဂျပန်နိုင်ငံသည် ဒေသတွင်းနှင့် ကမ္ဘာတစ်ဝန်းရှိ ပြည်သူများ၏ ရေရှည်သာယာရေးထက် ၎င်း၏ကိုယ်ပိုင်အကျိုးစီးပွားကို ဦးစားပေးလျက်ရှိကြောင်း၊ တစ်ကိုယ်ကောင်းဆန်ပြီး တာဝန်မဲ့သော အပြုအမူကို ချက်ချင်းရပ်တန့်ရန် တရုတ်နိုင်ငံက တောင်းဆိုခဲ့သည်ဟု Wu က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်အစိုးရသည် ပြည်သူများကို ပထမဦးစားပေးအဖြစ် သတ်မှတ်ထားပြီး အစားအသောက် ဘေးကင်းရေးနှင့် ပြည်သူ့ကျန်းမာရေးကို ကာကွယ်ရန်လိုအပ်သော အစီအမံအားလုံးကို ဆောင်ရွက်သွားမည်ဟု ၂၄-၈-၂၀၂၃ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲ၌ တရုတ်နိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ Ms. Shu Jueting က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ဂျပန်ဝန်ကြီးချုပ် Fumio Kishida က ရေဒီယိုသတ္တိကြွရေ မက်ထရစ်တန် (၁) သန်းကျော်ကို သမုဒ္ဒရာထဲသို့ တဖြည်းဖြည်း စွန့်ပစ်မည့် အစီအစဉ်အတွက် နောက်ဆုံးလုပ်ငန်းစဉ်ကို ၂၂-၈-၂၀၂၃ ရက်နေ့တွင် ဆက်လက်လုပ်ဆောင်ခွင့်ပြုခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် အဆိုပါကိစ္စနှင့်ပတ်သက်၍ ဂျပန်နိုင်ငံအား ၎င်း၏ ဆောင်ရွက်မှုများကို ရပ်တန့်ရန် အလေးအနက် တောင်းဆိုခဲ့ကြောင်း တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနက ၂၄-၈-၂၀၂၃ ရက်နေ့တွင် ထပ်လောင်းပြောကြားခဲ့ကြောင်း သိရှိရပါသည်။ ထို့အတူ ပစိဖိတ်ခေါင်းဆောင် အချို့ကလည်း ဂျပန်နိုင်ငံ၏ လုပ်ရပ်ကို ရှုတ်ချခဲ့ကြကြောင်း သိရှိရပါသည်။

Source: www.chinadaily.com.cn/a/202308/24/WS64e77571a31035260b81e156.html

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

## တရုတ်နိုင်ငံတွင် ပြည်ပမှ တင်သွင်းလာသည့် ကုန်ပစ္စည်းများကို သုံးစွဲမှု ပိုမိုမြင့်တက်လာ

တရုတ်နိုင်ငံ၏ နယ်စပ်ဖြတ်ကျော်ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများ တိုးတက်လာမှုကြောင့် စားသုံးသူများသည် ပြည်ပမှတင်သွင်းသော နိုင်ငံခြားအမှတ်တံဆိပ် ကုန်ပစ္စည်းများကို ဝယ်ယူမှုမြင့်တက်လာခြင်းသည် စားသုံးမှုမြှင့်တင်ခြင်းအတွက် အဓိက မောင်းနှင်အားဖြစ်လာကြောင်း သိရှိရပါသည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ မေလအထိ တရုတ်နိုင်ငံ၏ e-commerce ကုမ္ပဏီကြီးဖြစ်သည့် JD ၏ အွန်လိုင်းဈေးကွက်တွင် ပြည်ပမှတင်သွင်းသည့် ကုန်ပစ္စည်းများရောင်းချမှုသည် ၂၀၂၀ ပြည့်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက (၅၀)ရာခိုင်နှုန်း တိုးလာပြီး တင်သွင်းသည့် ကုန်ပစ္စည်းအမျိုးအစားများမှာလည်း (၁၁၄)ရာခိုင်နှုန်း တိုးလာကြောင်း JD ၏ အစီရင်ခံစာအရ သိရှိရပါသည်။

ပြည်ပမှတင်သွင်းသည့် လူသုံးကုန်ပစ္စည်းများ၊ အလှကုန်နှင့် အသားအရေထိန်းသိမ်းသည့်ပစ္စည်းများ၊ အစားအသောက်နှင့် အဖျော်ယမကာများ၊ ကိုယ်ဝန်ဆောင်နှင့် ကလေးပစ္စည်းများသည် တရုတ်စားသုံးသူများ အနှစ်သက်ဆုံး ကုန်ပစ္စည်းအမျိုးအစားများဖြစ်သည်ဟု အစီရင်ခံစာက ဖော်ပြထားကြောင်း သိရှိရပါသည်။

အသက် (၂၆)နှစ်မှ (၃၅)နှစ်ကြားရှိသူများသည် သွင်းကုန်ပစ္စည်းများကို အဓိကသုံးစွဲသူများဖြစ်ပြီး ဝယ်ယူသူစုစုပေါင်း၏ (၄၅)ရာခိုင်နှုန်းရှိကြောင်း၊ အသက် (၄၆)နှစ်မှ (၅၅)နှစ်ကြားရှိ စားသုံးသူများသည်လည်း ပြည်ပသွင်းကုန်များကို ပိုမိုဝယ်ယူလာကြကြောင်း သိရှိရပါသည်။ ပထမအဆင့်မြို့ကြီးများတွင် နေထိုင်သူများသည် သွင်းကုန်ပစ္စည်းများကို အဓိကဝယ်ယူသူများ ဖြစ်လာသော်လည်း နယ်မြို့များရှိ စားသုံးသူများသည်လည်း သွင်းကုန်ပစ္စည်းများကို ဝယ်ယူရန် စိတ်ဝင်စားမှုတိုးလာကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ လူသုံးကုန်ပစ္စည်းများ တင်သွင်းမှုသည် ၂၀၂၂ ခုနှစ်တွင် ယွမ် (၁.၉၃) ထရီလီယံ (အမေရိကန်ဒေါ်လာ ၂၆၃.၈ ဘီလီယံ) အထိ ရောက်ရှိခဲ့ပြီး သွင်းကုန်စုစုပေါင်း၏ (၁၁) ရာခိုင်နှုန်းနှင့် ၂၀၁၂ ခုနှစ် ပမာဏထက် နှစ်ဆပိုများကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဖော်ပြချက်အရ သိရှိရပါသည်။

နယ်စပ်ဖြတ်ကျော် အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေးသည် ကုန်ပစ္စည်းများ ရောင်းချမှုမြင့်တက်လာစေရေး၊ လုပ်ငန်းပုံစံသစ်များ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စားသုံးမှု ပြန်လည်ကောင်းမွန်လာစေရေးတို့အတွက် ဆောင်ရွက်ရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ကြောင်း သိရှိရပါသည်။

Amazon China Global Store နှင့် Prime ၏ အကြီးအကဲ Li Yanchuan က ၁၉၉၀ ပြည့်နှစ်များနှင့် ၂၀၀၀ ပြည့်နှစ်အလယ်ပိုင်းတွင် မွေးဖွားသော တရုတ်စားသုံးသူလူငယ်များသည် အမှတ်တံဆိပ်များ ရွေးချယ်ရာတွင် လွတ်လပ်စွာ တွေးတောဆင်ခြင်သုံးသပ်ကာ သီးသန့်နေထိုင် မှုပုံစံများနှင့် အထူးပြုလုပ်ထားသောထုတ်ကုန်များကို သုံးစွဲလိုကြောင်း ပြောကြားခဲ့ပါသည်။

ငါးဖမ်းခြင်း၊ နှင်းလျှောစီးခြင်း၊ စခန်းချခြင်းနှင့် အခြားသော ပြင်ပအားကစားပစ္စည်းများ ရောင်းချခြင်းတို့သည် လျင်မြန်စွာ တိုးတက်လာသည်ကို မြင်တွေ့ရပြီး virtual reality ပစ္စည်းများ၊ လက်ဖျော်ကော်ဖီထုတ်ကုန်များ၊ ပန်းကန်များနှင့် မီးဖိုချောင်သုံးပစ္စည်းများသည် မကြာသေးမီနှစ်များအတွင်း တရုတ်ဈေးဝယ်သူများ၏ နှစ်သက်မှုကို ရရှိခဲ့ကြောင်း သိရှိရပါသည်။

အွန်လိုင်းမှတစ်ဆင့်နယ်စပ်ဖြတ်ကျော် ဈေးဝယ်မှုများကို ပထမအဆင့်မြို့များတွင် အဓိကထား၍ မှာယူနေကြသော်လည်း ဒုတိယအဆင့်နှင့် တတိယအဆင့်မြို့များတွင် နေထိုင်သူများသည်လည်း ဝယ်နိုင်စွမ်းအား လျင်မြန်စွာ တိုးတက်လာလျက်ရှိကြောင်း သိရှိရပါသည်။

ပြည်တွင်းဝယ်လိုအားကို တိုးချဲ့ခြင်းနှင့် လက်လီရောင်းချမှုနည်းပညာများ တိုးတက်လာခြင်းတို့နှင့်အတူ တရုတ်နိုင်ငံသည် သွင်းကုန်ခွန်လျှော့ချခြင်းနှင့် တင်သွင်းခွင့်ပြုသည့်ကုန်ပစ္စည်းစာရင်းကို တိုးချဲ့ခြင်းကဲ့သို့သော ဦးစားပေးမူဝါဒများကို ချမှတ်ခဲ့ကြောင်း Deloitte အာရှ-ပစိဖိတ် လူသုံးကုန်ပစ္စည်းများနှင့် လက်လီလုပ်ငန်းဆိုင်ရာ အကြီးအကဲ Zhang Tianbing က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ပြည်ပကုန်ပစ္စည်းအမှတ်တံဆိပ်များသည် ကိုဗစ်-၁၉ ရောဂါကြောင့် အော့ဖ်လိုင်းလက်လီရောင်းချမှုတွင် အနှောင့်အယှက်များကြုံတွေ့ခဲ့ရသဖြင့် ၎င်းတို့၏ ဖြန့်ဖြူးရေးလမ်းကြောင်းများကို နယ်စပ်ဖြတ်ကျော် အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေးပလပ်ဖောင်းများသို့ တိုးချဲ့ဆောင်ရွက်နေကြကြောင်း သိရှိရပါသည်။

Source: [www.chinadaily.com.cn/a/202308/23/WS64e55903a31035260b81db29.html](www.chinadaily.com.cn/a/202308/23/WS64e55903a31035260b81db29.html)

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

…………………………………………………………………………………………

Agribusiness & Trade

## BRICS နိုင်ငံများသည် အဖွဲ့ဝင်သစ်များတိုးချဲ့ရန် သဘောတူညီခဲ့ကြ

BRICS အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များသည် အာဂျင်တီးနား၊ အီဂျစ်၊ အီသီယိုးပီးယား၊ အီရန်၊ ဆော်ဒီအာရေးဗီးယားနှင့် အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံများကို အဖွဲ့ဝင်သစ်များအဖြစ် တိုးချဲ့ဖွဲ့စည်းရန် ဂျိုဟန်နက်စ်ဘာ့ဂ်မြို့၌ ပြုလုပ်ခဲ့သည့် ၎င်းတို့၏ (၁၅) ကြိမ်မြောက် ထိပ်သီးအစည်းအဝေး၏ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ(၆)နိုင်ငံသည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အဖွဲ့ဝင်အဖြစ် စတင် အသက်ဝင်မည်ဖြစ်ကြောင်း တောင်အာဖရိကနိုင်ငံသမ္မတ Cyril Ramaphosa က သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားခဲ့ပြီး BRICS အဖွဲ့ကို တည်ထောင်ရာတွင် အခြားနိုင်ငံများ၏ အကျိုးစီးပွားကို တန်ဖိုးထားကြောင်း ၎င်းက ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

BRICS ခေါင်းဆောင်များသည် ဂျိုဟန်နက်စ်ဘတ်မြို့တွင် ဩဂုတ်လ (၂၂)ရက်နေ့မှ (၂၄) ရက်နေ့အထိ BRICS ပူးပေါင်းဆောင်ရွက်မှုခိုင်မာစေခြင်းနှင့် အဖွဲ့ဝင်တိုးချဲ့ခြင်းအပါအဝင် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

Source: www.chinadaily.com.cn/a/202308/24/WS64e70634a31035260b81e0a3.html

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်းနင်းမြို့

……………………………………………………………………………………………..

Agribusiness & Trade